**“ Forklift ငှားရမ်းခြင်း – နှစ်ဦးသဘောတူကတိပြုစာချုပ်”**

**Mitsubishi Forklift FD30NT (Triplex Mast) (5M) (2)Units &**
**Mitsubishi Forklift FD30NT (Simplex Mast) (4M) (1)Unit &**
**Matador Forklift MFD-35XF (Two Stage Mast) (4M) (1)Unit – Total (4)Units**
**(SO No. 78-RN-M25001001)**
**(Sr No. CF14E-16473 , CF14E-15721, CF14E-15038, A5AF04218)**
**Contract No. WF-RT-005/2025**

နေ့စွဲ ။ ။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ (၃)ရက်။
–––––––––––––––မြို့နယ်။

Forklift ပိုင်ရှင် ။ ။ ဦးဇော်မင်းမြတ် (မှတ်ပုံတင်အမှတ်– ၁၂/မရက(နိုင်)၁၁၄၄၁၁)
(for and on the behalf of 78 Company Limited)
အမှတ်(၅၈၉/၅၉၂)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်–ပုသိမ်အဝေးပြေးလမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

Forklift ငှားရမ်းသူ ။ ။ IHI INFRASTRUCTURE SYSTEMS CO.,LTD.
Company Registration No. --------------------------
လိပ်စာ–အမှတ်(၆၀,၃၀၉)၊ ၃ လွှာ၊ ရွှေတိဂုံဘုရားလမ်း၊
Prime Hill Business Squeare, ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁–၃၉၅၅၂၆။

(အထက်အမည်ပါ (Forklift ပိုင်ရှင်) နှင့် (Forklift ငှားရမ်းသူ)ဟူသောစကားရပ်များတွင် မိမိတို့ကိုယ်တိုင်နှင့်တကွ ကုမ္ပဏီကိုဆက်ခံသူများ ကုမ္ပဏီ၏တရားဝင်လွှဲအပ်ခံရသူများ အပါအဝင်ဖြစ်သည်ဟု မှတ်ယူရပေမည်။)

(Forklift ငှားရမ်းသူ) သည် ဦးဇော်မင်းမြတ် (Forklift ပိုင်ရှင်) မှ ပိုင်ဆိုင်သော Mitsubishi Forklift FD30NT (Triplex Mast) (5M) (2)Units & Mitsubishi Forklift FD30NT (Simplex Mast) (4M) (1)Unit & Matador Forklift MFD-35XF (Two Stage Mast) (4M) (1)Unit – Total (4)Units – Forklift ကို (၅–၁–၂၀၂၅) မှ (၃–၇–၂၀၂၅) အထိ (၆)လ အတွက်(၁)လလျှင် ကျသင့်တန်ဖိုးငွေကျပ်– ၁၃,၆၀၀,၀၀၀/–(မြန်မာကျပ်ငွေ– တစ်ရာသုံးဆယ့်ခြောက်သိန်းကျပ်တိတိ) ဖြင့် ငှားရမ်း အသုံးပြုရန် ကမ်းလှမ်း လာသဖြင့် ဦးဇော်မင်းမြတ် (Forklift ပိုင်ရှင်) မှ အဆိုပါ ဈေးနှုန်းဖြင့် ငှားရမ်းသုံးစွဲခွင့်ပြုရန် နှစ်ဦးသဘောတူစာချုပ်ကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ(၃)ရက်နေ့တွင် အောက်ပါအတိုင်း ချုပ်ဆိုကြခြင်း ဖြစ်ပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၁။ (Forklift ငှားရမ်းသူ)သည် (Forklift ပိုင်ရှင်)ထံသို့ Forklift ငှားရမ်းခ(၆)လအတွက် (၁)လလျှင် ကျသင့်တန်ဖိုးငွေ ကျပ်– ၁၃,၆၀၀,၀၀၀/–(မြန်မာကျပ်ငွေ– တစ်ရာသုံးဆယ့်ခြောက်သိန်းကျပ်တိတိ) ကို စာချုပ်ချုပ်ဆိုပြီး ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလတွင် Forklift ပိုင်ရှင်၏ ရန်ကုန်ရုံးသို့ပေးချေရန် သဘောတူပါသည်။ Forklift ငှားရမ်းသူ မှ (၆)လအတွက် Forklift ငှားရမ်းခကို (၁)လ(၁)ကြိမ် ပုံမှန် ပေးသွင်းပါမည်ဟု ဝန်ခံကတိပြုပါသည်။

(မှတ်ချက်။ ။ (Forklift ငှားရမ်းသူ)သည် ငှားရမ်းကာလ(၆)လမပြည့်မီ Forklift ငှားရမ်းခြင်းအား ရပ်ဆိုင်းခဲ့လျှင် (၆)လစာ တန်ဖိုးငွေ အပြည့်ပေးချေရမည်ကို သဘောတူပါသည်။)

((Forklift ငှားရမ်းသူ)သည် သတ်မှတ်ထားသည့်ကာလအတွင်း သတ်မှတ်တန်ဖိုးငွေများကို ပေးချေခြင်း မရှိပါက (၆)လလျှင်ပေးချေရမည့်ကျန်ငွေ၏ (၃%)ဒဏ်ကြေးငွေကို (Forklift ပိုင်ရှင်)သို့ ပေးဆောင်ရမည်ဖြစ်ပါသည်။)

၂။ (Forklift ငှားရမ်းသူ) သည် အဆိုပါ Forklift အား ငှားရမ်းကာလ (၆)လထက်ကျော်လွန် သုံးစွဲလိုပါက ငှားရမ်းကာလမပြည့်မီ(၇)ရက်ကြိုတင်၍ အကြောင်းကြားပေးရပါမည်။ သတ်မှတ်ကာလထက် ကျော်လွန်သုံးစွဲသော duty (or) weekly ငှားရမ်းခအတွက် ကြိုတင်၍ထပ်မံပေးချေရန် သဘောတူကြပါသည်။

စာမျက်နှာ(၂)သို့

၃။ (Forklift ငှားရမ်းသူ) သည် ငှားရမ်းအသုံးပြုခ စုစုပေါင်းကျသင့်ငွေ၏ အခွန် ၅% (Commercial tax 5%) ကို ပေးဆောင်ရန် သဘောတူညီပါသည်။ (Forklift ငှားရမ်းသူ) မှ (Forklift ပိုင်ရှင်)ထံသို့ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Form-2) ပေးမှသာ (Forklift ပိုင်ရှင်) မှ ကုန်သွယ်ခွန် (Form-31) ကိုထုတ်ပေးမည်ဖြစ်ပါသည်။

<u>Forklift ပိုင်ရှင်၏တာဝန်များ</u>

၁။ Forklift အတွက် Periodic Maintenance & Service နှင့် Preventive Maintenance Service ကို (Forklift ပိုင်ရှင်) မှ တာဝန်ယူပါသည်။

၂။ (Forklift ငှားရမ်းသူ) သည် ၎င်း Forklift အား (Forklift ပိုင်ရှင်) ထံမှ စတင်သယ်ဆောင်သည့်နေ့ (Upon Delivery Date) မှ စတင်၍ Forklift ငှားရမ်းကာလအဖြစ် စတင်သတ်မှတ်မည်ဖြစ်ပြီး (Forklift ပိုင်ရှင်) ထံသို့ ပြန်လည် အပ်နှံသည့်နေ့တွင် Forklift ငှားရမ်းကာလ ပြီးဆုံးသည့်နေ့အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

<u>Forklift ငှားရမ်းသူ၏ တာဝန်များ</u>

၁။ (Forklift ငှားရမ်းသူ) သည် Forklift ငှားရမ်းခအား ဆက်လက်သုံးမည့်လအတွက် ငှားရမ်းကာလစေ့ရောက်ရက် မတိုင်မီ တစ်ပတ်အလိုတွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပြီး ကြိုတင်ပေးသွင်းခြင်းမရှိပါက ငှားရမ်း ထားသော Forklift အား Forkliftပိုင်ရှင်ထံသို့ စေ့ရောက်သည့်နေ့တွင် ပြန်လည်အပ်နှံရမည်ကို သိရှိသဘောတူပါသည်။
(Forklift ငှားရမ်းသူ) သည် Forklift အား သတ်မှတ်နာရီ (၁)လလျှင် နာရီ(၂၄၀)ထက် ကျော်လွန်အသုံးပြုပါက နာရီပိုကြေးကို (၁)နာရီလျှင် (1)Unit အတွက် (၂၁,၂၅၀)ကျပ် ပေးဆောင်ရမည် ဖြစ်ပါသည်။

၂။ (Forklift ငှားရမ်းသူ) သည် ၎င်းအသုံးပြုမည့် Forklift အတွက် လိုအပ်သောလောင်စာဆီ (Premium Diesel) ကို တာဝန်ယူ ဆောင်ရွက်ပေးရပါမည်။ အကယ်၍ ငှားရမ်းသူဘက်မှ အရည်အသွေးမပြည့်ဝသော လောင်စာဆီအား အသုံးပြုခြင်းကြောင့် Forklift ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက Forklift ငှားရမ်းသူဘက်မှ အပြည့်အဝ တာဝန်ယူဖြေရှင်းပေးရမည်ဖြစ်ပါသည်။

၃။ Forklift မောင်းနှင်အသုံးပြုချိန် နာရီ (၂၅၀) ပြည့်လျှင် Forklift အတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုများ (Regular Service) ပြုလုပ်နိုင်ရန်အတွက် (၁)ရက်အနားပေးရန် Forklift ငှားရမ်းသူမှ သိရှိသဘော တူညီပါသည်။ အကြောင်းအမျိုးမျိုးကြောင့် Forklift ပြုပြင်မွမ်းမံရန်လိုအပ်ပါက Forklift ပိုင်ရှင်မှ အမြန်ဆုံး ပြုပြင်ပေးမည်ဖြစ်ပြီး ၎င်းစက်နားချိန်အား အစားထိုးပေးပါမည်။

၄။ Forklift မောင်းနှင်ရန် အတွက် Operator ကို Forklift ပိုင်ရှင်ဘက်မှ တာဝန်ယူစီစဉ်ပေးမည်ဖြစ်ပြီး Forklift Operator များအတွက် နေထိုင်စားသောက်မှု ကိစ္စများကို (ငှားရမ်းသူ)မှ စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ကုမ္ပဏီမှ တရားဝင် တာဝန်ပေးအပ်ထားသော Operator မဟုတ်ဘဲ အခြားသူများ တက်ရောက်မောင်းနှင်မှုကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှု ကိစ္စအဝဝအား Forklift ငှားရမ်းသူမှ အပြည့်အဝတာဝန်ယူပေးလျော်ရပါမည်။ အကယ်၍ Forklift Operator ကို ငှားရမ်းသူဘက်မှ တာဝန်ယူစီစဉ်မည်ဆိုပါက Forklift ငှားရမ်းသူဘက်မှ Operator ၏ ပေါ့ဆစွာပေါင်းနှင်မှုကြောင့်ဖြစ်စေ၊ အခြားသူများ၏ တက်ရောက်မောင်းနှင်မှုကြောင့်ဖြစ်စေ ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုကိစ္စအဝဝအာ Forklift ငှားရမ်းသူမှ အပြည့်အဝတာဝန်ယူ ပေးလျော်ရပါမည်။

၅။ Forklift ငှားရမ်းသူသည် အဆိုပါ Forklift သုံးစွဲမည့် ကာလပြည့်သည့်အခါတွင် ပြန်လည်အပ်နှံရပါက မူလအတိုင်း အကောင်းပကတိဖြစ်ရန်လိုသည့်အပြင် မူလငှားရမ်းစဉ်ကအတိုင်း အကောင်းပကတိမဟုတ်ပါက အကောင်းပကတိဖြစ် စေရန်ပြုပြင်ရလျှင် ပြုပြင်စရိတ်ကို ထပ်မံတောင်းဆိုခြင်းအား သဘောတူလက်ခံပါသည်။ Forklift ငှားရမ်းသူသည် မိမိလုပ်ကိုင်သည့်လုပ်ငန်းများတွင် နိုင်ငံတော်မှထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များနှင့် အညီ တရားဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ယူပါသည်။ ဖြစ်ပေါ်လာသောအရှုပ်အရှင်း ပြဿနာများ အတွက် Forklift ငှားရမ်းသူမှ တာဝန်ယူဖြေရှင်းပေးသော်လည်း ပြေလည်ပြီးပြတ်မှုမရှိဘဲ Forklift အား နိုင်ငံတော်မှ သိမ်းဆည်းခြင်း အစရှိသည့် နစ်နာမှုများ ရှိလာပါက အဆိုပါနစ်နာမှုများအတွက် Forklift ငှားရမ်းသူမှ Forklift ပိုင်ရှင်ထံသို့ Forklift တန်ဖိုးငွေအတိုင်း ပေးလျော်ရမည်ဖြစ်ပါသည်။

၆။ Forklift ငှားရမ်းသူသည် စက်ချို့ယွင်းမှုစသည့် ပြဿနာအသီးသီးကို Forklift ပိုင်ရှင် အမြန်ဆုံးသိရှိနိုင်စေရန် အကောင်းဆုံး ပံ့ပိုးဆောင်ရွက်မှုပြုပေးရမည်။

စာမျက်နှာ(၃)သို့

၇။ လုပ်ငန်းခွင်အတွင်းတွင် စက်၏အသုံးပြုချိန် နာရီမှတ်တမ်းအား (Forklift ငှားရမ်းသူ) ၏ တာဝန်ခံ (Job site In-charge) မှ နေ့စဉ်အတည်ပြုလက်မှတ်ရေးထိုးပေးရပါမည်။ အကယ်၍ (Forklift ငှားရမ်းသူ) ၏ တာဝန်ခံ အပြောင်းအလဲရှိပါက Forklift ပိုင်ရှင်ထံသို့ အကြောင်းကြားရပါမည်။

၈။ Forklift သယ်ယူပို့ဆောင်စရိတ် ကို (Forklift ပိုင်ရှင်) ထံမှ Forklift ငှားရမ်းသူ၏ လုပ်ငန်းခွင်သို့လည်းကောင်း၊ Forklift ငှားရမ်းသူ၏လုပ်ငန်းခွင်မှ (Forklift ပိုင်ရှင်) ထံသို့လည်းကောင်း အသွားအပြန် Forklift သယ်ဆောင်ခကို (Forklift ငှားရမ်းသူ) မှ ကျခံရပါမည်။

၉။ (Forklift ငှားရမ်းသူ) သည် ၎င်း Forklift အား (Forklift ပိုင်ရှင်) ထံမှ စတင်သယ်ဆောင်သည့်အချိန်မှစတင်ပြီး Forklift ငှားရမ်းသုံးစွဲကာလပြီးဆုံး၍ (Forklift ပိုင်ရှင်)ထံသို့ အပ်နှံသည့်အချိန်အတွင်းဖြစ်ပျက်သော ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုကိစ္စအဝဝတို့အတွက်(Forkliftငှားရမ်းသူ) မှ တာဝန်ယူပေးချေရပါမည်။ သဘာဝဘေးအန္တရာယ်ကြောင့်နှင့် အသုံးပြုသူကြောင့် စက်ချို့ယွင်းမှုဖြစ်ခဲ့ပါက ငှားရမ်းသူ၏တာဝန်သာဖြစ်သည်။

၁၀။ (Forklift ငှားရမ်းသူ) သည် ၎င်း Forklift အား ငှားရမ်းအသုံးပြုနေစဉ် ကာလအတွင်း မည်သူတစ်ဦးတစ်ယောက်ကိုမှ တစ်ဆင့်ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းစသည့်မည်သည့်လွှဲပြောင်းခြင်းကိုမှ လုပ်ပိုင်ခွင့်မရှိကြောင်းနှင့် ၎င်းကိစ္စအဝဝအတွက် တာဝန်ယူကြောင်း သဘောတူပါသည်။

၁၁။ (Forklift ငှားရမ်းသူ) သည် ၎င်းငှားရမ်းသော Mitsubishi Forklift FD30NT (Triplex Mast) (5M) (2)Units & Mitsubishi Forklift FD30NT (Simplex Mast) (4M) (1)Unit & Matador Forklift MFD-35XF (Two Stage Mast) (4M) (1)Unit – Total (4)Units ကို မော်လမြိုင်မြို့ (ဂျိုင်းတံတားစီမံကိန်း) တွင်သာ သုံးစွဲရမည်ဖြစ်ပြီး လွှဲမှားစွာသုံးစွဲခြင်း မပြုလုပ်ရန် သဘောတူပါသည်။

အထက်စာချုပ်ပါစကားရပ်အသီးသီးကို နှစ်ဖက်သေချာစွာဖတ်ရှုနားလည်ပြီးနောက် မိမိတို့၏လွတ်လပ်သောသဘောဆန္ဒ ပင်ကိုယ်စိတ်ထားနှင့်အညီ အောက်ဖော်ပြပါအသိသက်သေများ ရှေ့မှောက်တွင်လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

| Forkliftပိုင်ရှင် | Forklift ငှားရမ်းသူ |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)<br>(for and on the behalf of 78 Company Limited) | IHI INFRASTRUCTURE SYSTEMS CO.,LTD. |

အသိသက်သေများ

| | |
|---|---|
| လက်မှတ် – | လက်မှတ် – -------------------- |
| အမည် – ရှိုင်းဝေဖြိုး | အမည် – -------------------- |
| နသအမှတ် – ၈/ရနခ(နိုင်)၁၅၆၆၂၆ | နသအမှတ် – -------------------- |
| နေရပ် – ၅၈၉၊ ဗိုလ်အောင်ကျော်လမ်း၊<br>– လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ ။ | နေရပ် – -------------------- |

လက်မှတ် –
အမည် – ဦးချစ်စန်းကို
နသအမှတ် – ၁၄/ဓနဖ(နိုင်)၁၁၃၈၂၅
နေရပ် – ၅၈၉၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။